Message Three

# ဘုရားသခင်၏စီမံကိန်း၌ ယုံကြည်သူများက ဘုရားသခင်၏ ကျေးဇူးတော်ကို တွေ့ကြုံခံစားခြင်းမှာ ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်၌ ပြီးမြောက်ပြည့်စုံခြင်း

ဖတ်ရန်ကျမ်း။   ။ ယော၊၁း၁၆။ ရော၊၁၂း၆။ ၁ကော၊၁း၂-၄။ ၂ကော၊၁၃း၁၄။ ဂလ၊၆း၁၈။ ဧ၄း၇၊ ၂၉။ ဖိ၊၄း၂၃။ ဗျာ၊၂၂း၂၁

**I. ဓမ္မသစ်ယုံကြည်သူများသည် ဘုရားသခင်၏စီမံကိန်းရှိ ကျေးဇူးတော်အောက်၌ အသက်ရှင်ခြင်းမှာ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားကို ကျေးဇူးတော်အဖြစ် တွေ့ကြုံခံစားခြင်း၏ စုစုပေါင်းအသက်ရှင်ခြင်း ဖြစ်သည် - ဂလ၊၆း၁၈။ ဟေဗြဲ၊၄း၁၆။ ဗျာ၊၂၂း၂၁။**

A. ခရစ်ယာန်အသက်ရှင်ခြင်းသည် ကျေးဇူးတော်ကို အသက်ရှင်ခြင်း၊ ကျေးဇူးတော်ကို တွေ့ကြုံခံစားခြင်း အသက်တာဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် အနှစ်သာရဆိုင်ရာ၌ ဘုရားသခင်ကို ကျေးဇူးတော်အဖြစ် ရရှိခြင်း၏အသက်တာဖြစ်သည် - ၂ကော၊၁း၁၂။

B. စုစုပေါင်းအသက်ရှင်ခြင်းဟူသည်မှာ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းတစ်ခုလုံးသည် ကျွန်ုပ်တို့ထံ ကျေးဇူးတော်ဖြစ်လာရန် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရား၏ အသက်ရှင်ခြင်းဖြစ်ကြောင်း ဆိုလိုသည် - ၁၃း၁၄။

C. ပေါင်းစပ်ထားသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ဘိသိက်ပေးခြင်းအဖြစ် နေ့စဉ် လှုပ်ရှားနေပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားကို ကျေးဇူးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည် - ၁ယော၊၂း၂၀၊ ၂၇။

D. ကျေးဇူးတော်၏ဝိညာဉ်တော်ဖြစ်သည့် သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရှိသည်၊ ယင်းမှာ သုံးပါးတစ်ပါးဘုရား၏ ကိန်းဝပ်ရာနေရာနှင့် ထည့်စရာဖြစ်လာရန် အသစ်မွေးဖွားခံခဲ့ပြီဖြစ်သည် - ဟေဗြဲ၊၁၀း၂၉ခ။ ဂလ၊၆း၁၈။ ဖိ၊၄း၂၃။ ဖိလေ၊၂၅။ ၂တိ၊၄း၂၂။

E. ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား ဖြစ်သော ကျေးဇူးတော်ကို လက်ခံရရှိသူများများ ဖြစ်ကြသည် - ခမည်းတော်သည် သားတော်၌ ကျွန်ုပ်တို့ထံ ပေးအပ်ကာ၊ သားတော်သည် ကျွန်ုပ်တို့ဝိညာဉ်၌ ကိန်းဝပ်နေသော ဝိညာဉ်တော်အဖြစ် သိမှတ်နားလည်ရသည် - ၁ကော၊၁၅း၄၅ခ။ ၆း၁၇။

F. ကျွန်ုပ်တို့သည် သန့်ရှင်းသူများများ ဖြစ်ကြသောကြောင့် သခင်ဘုရား၏ကျေးဇူးတော်သည် ကျွန်ုပ်တို့နေ့စဉ်အသက်တာ၏ သွင်ပြင်တိုင်း၌ ကျွန်ုပ်တို့အယောက်တိုင်းနှင့်အတူ ရှိရမည်ဖြစ်သည် - ဖိ၊၄း၂၃။ ဧ၄း၇။

**II. စစ်မှန်သောအသင်းတော်သည် ခရစ်တော်ယေရှု၌ အသင်းတော်ကို ပေးထားသည့် ကျေးဇူးတော်အပေါ် မူတည်နေပါသည် - ၁ကော၊ ၁း၂-၄။**

A. ဘုရားသခင်၏ကျေးဇူးတော်သည် အသင်းတော်၏ဝိညာဉ်ရေးရာ သို့မဟုတ် အခြေအနေအပေါ် မူတည်၍ အသင်းတော်ထံ ပေးအပ်ခြင်း မဟုတ်ပါ။

B. ဘုရားသခင်၏ကျေးဇူးတော် တစ်ခုတည်းသည် အသင်းတော်၏ အခြေဖြစ်သည် - ၁၆း၂၃။

C. ၁ကောရိန္သု ၁း၄ ရှိ ဘုရားသခင်ထံ ပေါလု၏ ကျေးဇူးတင်ခြင်းမှာ ခရစ်တော်ယေရှု၌ အသင်းတော်ထံ ပေးထားသည့် ကျေးဇူးတော်၏ ဆုကျေးဇူးအပေါ် မူတည်ခြင်းဖြစ်သည်။

D. အသင်းတော်သည် ကျေးဇူးတော်၏အခြေအပေါ် ရပ်တည်ခြင်းမှာ ကျေးဇူးတော်ကို ထပ်တိုး၍ ရရှိနိုင်ရန်အလို့ငှာ ဖြစ်သည် - ဗျာ၊၂၂း၂၁။

E. ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို ကျွန်ုပ်တို့၏အခြေအဖြစ် ရရှိထားကြပြီး၊ ကျွန်ုပ်တို့သည် ကျေးဇူးတော်အပေါ် ရပ်တည်ကြကာ၊ ကျွန်ုပ်တို့၏ဂုဏ်အင်လက္ခဏာများ၊ ကောင်းမြတ်ခြင်းများ သို့မဟုတ် သာလွန်ကောင်းမြတ်ခြင်းများအပေါ် ရပ်

တည်ခြင်းမဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို ပို၍ ရရှိရန်၊ ကျေးဇူးတော်အပေါ် ကျေးဇူးတော်ထပ်ဆင့်၍ လက်ခံရရှိရန် အရည်အချင်း ရှိကြသည် - ယော၊၁း၁၆။

## III. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ကျေးဇူးတော်ကို ယုံကြည်သူများက တွေ့ကြုံခံစားခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းမှာ ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ဖြစ်သည် - ၁ကော၊၁၂း၁၂-၁၃၊ ၂၇။ ဧ၊၁း၆-၈၊ ၂၂-၂၃။

A. ကျေးဇူးတော်သည် ကိုယ်တော်၏ဖြစ်ခြင်းရှိသမျှကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးနေသည့် လည်ပတ်စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ အသင်းတော်အသက်တာတစ်ခုလုံးသည် ကျွန်ုပ်တို့အတွင်း၌ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ လည်ပတ်စီးဆင်းခြင်းဖြစ်သော ကျေးဇူးတော်အပေါ် မူတည်သည် - ၁ပေ၊ ၅း၁၀။ တ၊၄း၃၃။ ၂ကော၊၈း၁။ ၁၃း၁၄။

B. ခရစ်တော်ကိုယ်ခန္ဓာတော်၏ လက်တွေ့ကျသော အသက်တာနှင့် တည်ဆောက်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ကို အတွင်းပိုင်း မွေ့လျော်ဝမ်းမြောက်မှုမှ ထွက်ပေါ်လာခြင်းဖြစ်သည် - ၁ကော၊၁း၉။ ၂ကော၊၁၃း၁၄။

C. ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းမှန်သမျှသည် ဘုရားသခင်၏စီမံကိန်းရှိ ဘုရားသခင်၏ကျေးဇူးတော်မှ ထွက်ပေါ်လာသောရလဒ်ဖြစ်သည် - ရော၊၁၂း၄-၆က။

D. ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့ထံ ပေးထားသည့် ကျေးဇူးတော်အတိုင်း ကျွန်ုပ်တို့၌ မတူညီသော ဆုကျေးဇူးများရှိကြပြီး၊ ၎င်းတို့မှာ ခရစ်တော်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည် - အငယ်၊၆။

1. ဤကျေးဇူးတော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့အသက်ဖြစ်ရန် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ရောက်လာသည့် ဘုရားဆိုင်ရာဒြပ်သဘာဝအဖြစ် ခရစ်တော်၌ရှိသော ဘုရားသခင်ဖြစ်သည် - ယော၊၁း၁၆။ ၂ကော၊ ၁၃း၁၄။

2. ဤကျေးဇူးတော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသောအခါ၊ ၎င်းနှင့်အတူ ဝိညာဉ်ရေးရာကျွမ်းကျင်မှုများနှင့် တတ်နိုင်စွမ်းရည်များအချို့၏ ဒြပ်သဘာဝကို ယူဆောင်လာကာ၊ ကျွန်ုပ်တို့အသက်၌ကြီးထွားခြင်းနှင့်အတူ လိုက်ပါ၍၊ အသက်၌ ဆုကျေးဇူးများအဖြစ် တိုးတက်ကြီးထွားလာသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို အစေခံရန် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ လှုပ်ရှားပါဝင်နိုင်မည်ဖြစ်သည် - ရော၊၁၂း၆-၈။

3. ရောမ ၁၂း၆ တွင် ဆုကျေးဇူးများသည် ကျေးဇူးတော်အရ ခြားနားမှုရှိသည်။ ဖေက် ၄း၇ ၌ ကျေးဇူးတော်သည် ဆုကျေးဇူးအရ ပေးထားခြင်းဖြစ်သည်။

   a. ကျေးဇူးတော်သည် ဆုကျေးဇူးများကို ထုတ်လုပ်ပေးသော၊ မစထောက်ပံ့သော ဘုရားဆိုင်ရာအသက်ဖြစ်သည်။

   b. ရောမ ၁၂ တွင် ကျေးဇူးတော်က ဆုကျေးဇူးများကို ထုတ်လုပ်ကြောင်း ပြောထားသည်။ ထို့ကြောင့် ဆုကျေးဇူးသည် ကျေးဇူးတော်အရ ဖြစ်သည်။

   c. ဖေက် ၄ တွင် ကျေးဇူးတော်သည် ဆုကျေးဇူးအတိုင်း၊ ဆုကျေးဇူး၏အတိုင်းအတာပမာဏအတိုင်း ဖြစ်ကြောင်း ပြောထားသည်။

E. ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၌ ကျွန်ုပ်တို့သည် ယိုယွင်းဖောက်ပြန်သောစကားကို ကျွန်ုပ်တို့၏နှုတ်ထဲက ထွက်ခွင့်မပြုသင့်ပေ၊ "ကြားနာသောသူတို့ကို ကျေးဇူးတော်ပေးနိုင်ရန်၊ တည်ဆောက်စရာဖို့ ကောင်းသော စကားကိုသာ ပြောဆိုကြလော့" - အငယ်၊၂၉။

1. အခြားသူများထံ ကျွန်ုပ်တို့စကားပြောခြင်းသည် ကျေးဇူးတော်ကို သယ်ဆောင်ပေးခြင်း၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ရာနှင့် မစရာဖြစ်သည့် ခရစ်တော်ကို သယ်ဆောင်ပေးခြင်း ဖြစ်သင့်သည် - ၂ကော၊၁၃း၁၄။ ရော၊၁၆း၂၀။ ၁ကော၊၁၆း၂၃။ ဂလ၊၆း၁၈။

2. အခြားသူများကို တည်ဆောက်ပေးသော စကားသည် ကြားနာသောသူထံ ကျေးဇူးတော်ဖြစ်သည့် ခရစ်တော်ကို အမြဲအမှုဆောင်ပေးသည် - ဧ၊၄း၂၉။

**IV. ဖေက် ၃း၂ တွင် တမန်တော်ပေါလုက ကျေးဇူးတော်၏ ဘဏ္ဍာထိန်းအရာသည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအတွက် သူ့ထံသို့ ပေးအပ်ခံရကြောင်း ပြောထားသည် - ၅း၃၀။**

A. ဧဖက် ၃း၂ နှင့် ၉ တွင် ပေါလုက ဂရိစကားလုံး အွေကိုနိုမီးယား *oikonomia* ကို အသုံးပြုထားသည်။ အငယ် ၉ တွင် ဤစကားလုံးသည် ဘုရားသခင်၏စီမံကိန်းကို ရည်ညွှန်းပြီး၊ အငယ် ၂ တွင် ၎င်းသည် တမန်တော်၏ ဘဏ္ဍာထိန်းအရိုက်အရာကို ရည်ညွှန်းသည်။

B. ဘုရားသခင်၏ကျေးဇူးတော် ဘဏ္ဍာထိန်းအရိုက်အရာကို ကျွန်ုပ်တို့ထံ ပေးထားပြီးဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် အသက်ရှင်ကာ အစေခံနိုင်မည်ဖြစ်သည် - အငယ်၂-၇။

1. ကျေးဇူးတော်၏ ဘဏ္ဍာထိန်းအရာသည် ရွေးချယ်ခံလူများအထဲသို့ ဘုရားသခင်၏ ကျေးဇူးတော်ကို ဝေငှဖြန့်ဖြူးခြင်းအတွက်ဖြစ်ပြီး၊ ယင်းမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်ကို ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက်ဖြစ်သည် - ၁ကော၊၄း၁-၂။
2. ဤဘဏ္ဍာထိန်းအရာထဲမှ ဘုရားသခင်၏အိမ်တော်၌ ဘဏ္ဍာထိန်းဖြစ်သည့် တမန်တော်၏ အမှုတော် ထွက်ပေါ်လာကာ၊ ဘုရားသခင်၏အိမ်တော်သားများထံ ဘုရားသခင်၏ကျေးဇူးတော်အဖြစ် ခရစ်တော်ကို အမှုဆောင်ပေးနေသည် - ၉း၁၇။
3. ပေါလု၏အမှုတော်သည် ယုံကြည်သူများထံ သူတို့၏မွေ့လျော်ဝမ်းမြောက်ရာအဖြစ် ကျေးဇူးတော်ဖြစ်သော ခရစ်တော်၏ကြွယ်ဝခြင်းများကို အမှုဆောင်ပေးခြင်း ဖြစ်သည် - ဧ၊၃း၈။
4. ဘုရားသခင်၏စီမံကိန်းသည် ဘုရားသခင်ကိုယ်တော်တိုင်နှင့်အတူ ရှိသည်၊ သို့သော် ကျေးဇူးတော်၏ဘဏ္ဍာထိန်းခြင်းအရာသည် ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်သည့် ပေါလုထံသို့မျှသာ ပေးထားခြင်းမဟုတ်ပါ၊ ဤဘဏ္ဍာထိန်းခြင်းအရာသည် ယုံကြည်သူများအားလုံးထံသို့ ပေးထားခဲ့ပြီးဖြစ်သည်။
5. ကျေးဇူးတော်၏ဘဏ္ဍာထိန်းခြင်းအရာသည် စကြဝဠာဆိုင်ရာဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် သန့်ရှင်းသူများအားလုံးသည် ဘုရားသခင်၏စီမံကိန်းအတိုင်း ကျေးဇူးတော်၏ဘဏ္ဍာထိန်းခြင်းအရာကို ရရှိထားကြသည် - အငယ်၂၊ ၉။

*© 2022 Living Stream Ministry*